မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၂ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ**
**ကာကွယ်တားဆီးရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအဖွဲ့ဝင် ရာထူးနှင့် ဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအဖွဲ့ဝင် ဦးတင်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာနအား ဦးတင်မြင့်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကျေးလက်ဒေသ**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသောနယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကို ဆိုသည်။

(ဃ) **ကျေးလက်ဒေသအိမ်ရာ**ဆိုသည်မှာကျေးလက်ဒေသတွင် ဦးစီးဌာန၏အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သောအိမ်ရာကို ဆိုသည်။

(င) **ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း**ဆိုသည်မှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ်ပြင်ပရှိ ကျေးလက်ဒေသတွင် ဦးစီးဌာနအစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(စ) **အခြေခံအဆောက်အအုံများ**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံ ပစ္စည်းကိရိယာများနှင့် အဆောက်အအုံများကို ဆိုသည်။

(ဆ) **အရင်းမပျောက်မတည်ရန်ပုံငွေ**ဆိုသည်မှာ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်လာစေရန် အများပိုင်ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပြီး အရင်းမပျောက်လည်ပတ် ဆောင်ရွက်သော ရန်ပုံငွေကို ဆိုသည်။

(ဇ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်း အနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

(စ) ကျေးလက်ဒေသ ရေရရှိရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့် အတန်း တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းနှင့်တံတားများ တည်ဆောက် ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

## အခန်း (၃)
## ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်နိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းကြီးကြပ် ကွပ်ကဲနိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း၊

(ဃ) ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သည့် အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့်နည်းပညာအကူအညီများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ကျေးလက်ဒေသနေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေ၏ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## အခန်း (၄)

## ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကြီးကြပ်မှုကော်မတီက တာဝန်ပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကို အခြေခံပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းများကို ဒေသအသီးသီးရှိ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊ အတည်ပြုချက်ရရှိပြီးက အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ကြီးကြပ်မှုကော်မတီက အတည်ပြုချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် ရန်ပုံငွေ တွက်ချက်လျာထားတင်ပြခြင်း၊

(ဃ) ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေများ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း -

(၁) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊

(၂) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(၃) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ခြင်း၊

(၄) ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(၅) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ဒေသနေ ပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၇) ကျေးလက်ဒေသနေ ပြည်သူများကိုယ်တိုင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အသေးစား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်း။

( င ) ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော လူထုအခြေပြုစီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်း လမ်းနှင့်တံတား သို့မဟုတ် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သော စီမံကိန်းများတွင် ပါဝင်သည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လမ်းများနှင့် တံတားများတည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊

( စ ) ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသများတွင် ဘေးအန္တရာယ်ကျရောက်လာပါက -

(၁) တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ဇ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆိုင်ရာ အချက်အလက်များ ညှိနှိုင်းကောက်ယူခြင်း၊

(ည) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

( ဋ ) ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ ထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ဥပဒေနှင့်အညီ ရယူပူးပေါင်းဆောင်ရွက်ခြင်း၊

( ဌ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ မြို့နယ်နှင့် ကျေးရွာအလိုက် လိုအပ်သည့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဍ ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များက အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊

( ပ ) ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဏ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေးမြင့်မား တိုးတက်လာစေရေး

အတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(တ) နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

( ဒ ) ကြီးကြပ်မှုကော်မတီနှင့် ဝန်ကြီးဌာနကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း -

(က) ပုဂ္ဂလိကကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြု အဖွဲ့အစည်းများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးဆောင်ရွက်စေခြင်း၊

( ဂ ) နည်းပညာလိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( င ) နည်းပညာအကူအညီလိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( စ ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၈။ ကျေးလက်ဒေသနေပြည်သူများ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

( ခ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ဂ ) ပုဒ်မခွဲ (ခ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ခြင်း။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

( င ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၉။ ကျေးလက်ဒေသနေပြည်သူတို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များတောင်းခံရယူခွင့်နှင့် ဝေဖန်အကြံပြုချက်များကို လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်၊

(ဂ) ဦးစီးဌာနနှင့်သက်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးဌာနသို့ တင်ပြ၍ မိမိကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

(ဃ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းခွင့်၊

(င) ဤဥပဒေပါ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

(စ) ပုဒ်မခွဲ (င) ပါ လုပ်ငန်းမှရရှိသည့် အတိုးငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲမှုကို မေးမြန်းခွင့်၊

(ဇ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်း ပြည်ပ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

(ဈ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်။

## အခန်း (၆)

## ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း

၁၀။ ဦးစီးဌာနသည် -

(က) ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေအပါအဝင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏လှူဒါန်းငွေ၊ ချေးငွေ၊ နည်းပညာနှင့်အကူအညီ အထောက်အပံ့များကို လက်ခံရယူဆောင်ရွက်နိုင်သည်။

၁၁။ ဦးစီးဌာနသည် -

(က) ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ ရေပေးဝေခွင့်ပြုနိုင်သည်။

(ခ) ကျေးရွာရေရရှိရေးကော်မတီကို ဖွဲ့စည်း၍ ရေရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးကုန်ကျစရိတ်များ အပါအဝင် ရေခကောက်ခံခြင်း၊ သာမန်ထိန်းသိမ်းပြုပြင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေနိုင်သည်။

၁၂။ ဦးစီးဌာနသည် ကျေးလက်ဒေသများ၊ ကျေးလက်ဒေသရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည် ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာရေရရှိရေး ကော်မတီဖွဲ့စည်း၍ ရေအရင်းအမြစ်နှင့် ရေပေးဝေရေးဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချခွင့်ရရှိရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဦးစီးဌာနသည် ကျေးလက်ဒေသရေရရှိရန် အသုံးပြုလျက်ရှိသော စိမ့်စမ်းရေအပါအဝင် ရေအရင်းအမြစ်များ မခန်းခြောက်စေရေးနှင့် ယင်းတို့၏ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ မပြုန်းတီးစေရေးတို့

အတွက် လိုက်နာရမည့်အချက်များကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန် ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၅။ ဦးစီးဌာနသည် -

(က) ကျေးရွာရေရရှိရေးဆောင်ရွက်ထားသော ရေအရင်းအမြစ်များ၏ ရေအရည်အသွေးကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီပါက ရေပေးဝေခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပိတ်ပင်တားမြစ်ခြင်းပြုလုပ်နိုင်သည်။

၁၆။ ဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ရေပြတ်လပ်သည့် ကျေးလက်ဒေသများသို့ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များနှင့်ညှိနှိုင်း၍ ရေရရှိနိုင်ရန် အလျင်အမြန် ဆောင်ရွက်ပေးရမည်။

၁၇။ ဦးစီးဌာနသည် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ကောက်ယူခြင်း၊ ကျေးလက်ဒေသနေပြည်သူများသိရှိနားလည်စေရန် အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်။

၁၈။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့်ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကောင်းမွန်သောအလေ့အထများကျင့်သုံးလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊

(ခ) အမှိုက်ထွက်ရှိမှုကို လျှော့ချခြင်း၊ အမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့်အမျိုးအစားနှင့် အသုံးမပြုနိုင်သည့်အမျိုးအစားခွဲခြားခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဂ) ရေဆိုးများကို စနစ်တကျဘေးကင်းစွာစွန့်ပစ်ခြင်း သို့မဟုတ် ဘေးကင်းအောင်သန့်စင်စေ၍ ပြန်လည်အသုံးပြုခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်တွင် အညစ်အကြေးစွန့်သော အလေ့အကျင့်များပပျောက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံအိမ်သာများ စနစ်တကျဆောက်လုပ်သုံးစွဲစေခြင်း။

## အခန်း (၇)
## ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း

၁၉။ ဦးစီးဌာနသည် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ -

(က) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၂၀။ (က) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လိုသူသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီတင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူက လျှပ်စစ်ဓာတ်အားခ ကောက်ခံနိုင်ရေးအတွက် ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူသည် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်စေရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်။

၂၁။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သူမှအပ ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သူသည် တည်ဆောက်ရေးလုပ်ငန်းပြီးစီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမပါဝင်ပါက လုပ်ငန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(ခ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ပါက လျှပ်စစ်ဓာတ်အားခကောက်ခံခွင့် သတ်မှတ်ကာလကုန်ဆုံးလျှင် ကုန်ဆုံးချင်း -

(၁) သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(၂) လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

၂၂။ ပြည်တွင်းပြည်ပ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သည့်ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး လုပ်ငန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကုန်ကျစရိတ်ကောက်ခံနိုင်သည်။

## အခန်း (၈)
## ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း

၂၃။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရာတွင် အောက်ပါတို့ကို အလေးထား ဆောင်ရွက်ရမည် -

(က) ကျေးလက်ဒေသနေပြည်သူများ အိုးအိမ်အတည်တကျ နေထိုင်နိုင်ရန်အတွက် အထောက်အကူ ဖြစ်စေရေး၊

(ခ) သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေးနှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊

(ဂ) မြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့်အညီ စနစ်တကျ စိစစ်သတ်မှတ်ရေး။

၂၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ကျရောက်သောဒေသအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကျေးရွာသစ်ထူထောင်သောဒေသတွင် မြေနေရာရွေးချယ်သတ်မှတ်ခြင်းအပါအဝင် ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကြီးကြပ်မှု ကော်မတီ၏ သဘောတူခွင့်ပြုချက်ရယူပြီး ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်နှင့်အညီ ကျေးလက်ဒေသအိမ်ရာဆောက်လုပ်သူသည် လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အပ်နှံရမည်။ ဦးစီးဌာနက သက်ဆိုင်ရာ သတ်မှတ်ထားသည့်အဖွဲ့သို့ အိမ်ရာဆောက်လုပ်မှုဆိုင်ရာ မှတ်တမ်းများနှင့်အတူ စနစ်တကျ ဆက်လက် လွှဲပြောင်းပေးအပ်ရမည်။

၂၇။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် မြေနေရာရွေးချယ်သတ်မှတ်ခြင်းမှစ၍ အိမ်ရာချထားခြင်းအပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၉)

## အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်း

၂၈။ ကြီးကြပ်မှုကော်မတီသည် -

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ နိုင်ငံတကာအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့က ထောက်ပံ့လှူဒါန်းငွေတို့ဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေကို ထူထောင်ရမည် -

(၁) ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်ခြင်း၊

(၂) စားနပ်ရိက္ခာဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) အရင်းမပျောက်မတည်ရန်ပုံငွေမှ တိုးပွားလာသောငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေး အတွက် လေ့ကျင့်ပျိုးထောင်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ယင်းလုပ်ငန်းအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စည်းကမ်း သတ်မှတ်ချက်များ၊ ရန်ပုံငွေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ပါဝင်သည့်လုပ်ငန်းလမ်းညွှန်ချက်များကို ရေးဆွဲထုတ်ပြန်နိုင်သည်။

၂၉။ ဦးစီးဌာနသည် အရင်းမပျောက်မတည်ရန်ပုံငွေကို မပျောက်ပျက်စေရေးအတွက် သက်ဆိုင်ရာကျေးရွာ လုပ်ငန်းအဖွဲ့များ၏ ရန်ပုံငွေသုံးစွဲခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြပ်မတ်ကွပ်ကဲ စစ်ဆေးဆောင်ရွက်ရမည်။

၃၀။ ကျေးလက်ဒေသနေပြည်သူများသည် -

(က) ကျေးရွာအလိုက် အရင်းမပျောက်မတည်ရန်ပုံငွေများကို ချေးယူသုံးစွဲခွင့်ရှိသည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကုန်ထုတ် လုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် သတ်မှတ်ချက်နှင့်အညီ ချေးယူနိုင်သည်။

(ဂ) ချေးယူသည့်အရင်းငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည် ပေးသွင်းရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရရှိသော အတိုးငွေကို ဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက် ရမည်။

## အခန်း (၁၀)

## ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၃၁။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပအကူအညီအထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေ အပါအဝင် ငွေကြေးနှင့်ပစ္စည်းများကို လက်ခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၃၃။ ဦးစီးဌာနသည် ပုဒ်မ ၃၂ အရ ပြည်တွင်းပြည်ပအကူအညီအထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေ အပါအဝင် ငွေကြေးများကို သတ်မှတ်ချက်များအတိုင်း ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ဥပဒေနှင့်အညီ လိုက်နာသုံးစွဲဆောင်ရွက်ရမည်။

၃၄။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာခွင့်ပြုချက်ရရှိပြီးသည့် တိုက်ရိုက်ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဒေသခံပြည်သူများသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်ဆောင်ရွက်စေ၍ ငွေကြေးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၃၅။ ဦးစီးဌာနသည် သက်ဆိုင်ရာ ကျေးရွာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသုံးစရိတ်ရှင်းတမ်းများကို သတ်မှတ်သည့်ကာလအပိုင်းအခြားဖြင့် အများမြင်သာသည့်နေရာတွင် ဖော်ပြနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

၃၆။ ဦးစီးဌာနအပါအဝင် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းများရရှိသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းခံယူရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်း သို့မဟုတ် ရန်ပုံငွေကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

၃၈။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို တာဝန်အရ တစ်ဦးတစ်ယောက်က အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ဟန့်တားရန် သို့မဟုတ် တားဆီးရန် ပြုလုပ်ခြင်းကိုဖြစ်စေ၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်းကိုဖြစ်စေ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၀။ ကြီးကြပ်မှုကော်မတီသည် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ အသိပညာတိုးပွားစေရေး ဆောင်ရွက်ရမည်။

၄၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးရွာကော်မတီ သို့မဟုတ် အဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး တတ်နိုင်သမျှ အချိုးညီစွာ ပါဝင်ဖွဲ့စည်းရမည်။

၄၂။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့်လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၃။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပအကူအညီ အထောက်အပံ့ဖြင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထုတ်ပြန်ကြေညာရမည်။

၄၄။ ဦးစီးဌာနသည် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့် အရင်းမပျောက် မတည်ရန်ပုံငွေအပါအဝင် ဦးစီးဌာနက ထုတ်ပေးထားသောချေးငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၄၅။ ပုဒ်မ ၃၉ အရ ကျူးလွန်သည့်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၄၆။ ဤဥပဒေအရ ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၇။ ဤဥပဒေပုဒ်မ ၃၈ နှင့် ၃၉ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ အရ ခရစ်ယာန်ဘာသာဝင်အချင်းချင်းကိုသော် လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် အခြားဘာသာဝင်တစ်ဦးဦးကိုသော်လည်းကောင်း ဝိနည်းနှင့် အညီ ထိမ်းမြားပေးပိုင်ခွင့်လိုင်စင်ကို ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ (၇) ရပ်ကွက်၊ ပင်လုံလမ်း၊ လူမျိုးပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ သင်းအုပ်ဆရာ၊ သိက္ခာတော်ရဆရာ ဦးဂျိုးဇက် (ခ) ဦးဇော်လင်း အား ထုတ်ပေးလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၉ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံရင်းသားခရစ်ယာန်များအချင်းချင်း ထိမ်းမြားပေးပိုင်ခွင့်လိုင်စင်ကို ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ (၇) ရပ်ကွက်၊ ပင်လုံလမ်း၊ လူမျိုးပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ သင်းအုပ်ဆရာ၊ သိက္ခာတော်ရဆရာ ဦးဂျိုးဇက် (ခ) ဦးဇော်လင်း အား ထုတ်ပေးလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

### ဦးစီးအရာရှိရာထူးတိုးမြှင့်ခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၅၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူညီချက်အရ ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိ ရာထူး၊ ဌာန/ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန/ကော်ခွဲရုံး |
|---|---|---|
| (၁) | ဒေါ်သိန်းသိန်းစိုး<br>ဒုတိယဦးစီးမှူး<br>မင်းပြားမြို့နယ် | <br>ဦးစီးအရာရှိ<br>မြောက်ဦးခရိုင် |
| (၂) | ဦးသစ်ထွန်း<br>ဒုတိယဦးစီးမှူး<br>မဘိမ်းမြို့နယ် | <br>ဦးစီးအရာရှိ<br>တန့်ယန်းမြို့နယ် |
| (၃) | ဦးအောင်တင်ဝင်း<br>ဒုတိယဦးစီးမှူး<br>မိုင်းဆတ်ခရိုင် | <br>ဦးစီးအရာရှိ<br>မိုင်းဆတ်ခရိုင် |
| (၄) | ဒေါ်မေဖူးပွင့်စော<br>ဒုတိယဦးစီးမှူး<br>သထုံခရိုင် | <br>ဦးစီးအရာရှိ<br>ကော့သောင်းခရိုင် |
| (၅) | ဦးတင်လင်းအောင်<br>ဒုတိယဦးစီးမှူး<br>ကချင်ပြည်နယ် | <br>ဦးစီးအရာရှိ<br>အင်ဂျန်းယန်မြို့နယ် |
| (၆) | ဦးမျိုးထက်အောင်<br>ဒုတိယဦးစီးမှူး<br>မန်တုံမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းကိုင်မြို့နယ် |
| (၇) | ဒေါ်ခင်စောဝင်း<br>ဒုတိယဦးစီးမှူး<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | <br>ဦးစီးအရာရှိ<br>ကွန်ဟိန်းမြို့နယ် |
| (၈) | ဒေါ်ရင်ရင်ထွေး<br>ဒုတိယဦးစီးမှူး<br>ညောင်ဦးမြို့နယ် | <br>ဦးစီးအရာရှိ<br>ကယားပြည်နယ် |
| (၉) | ဦးပေါင်ခန့်မုန်<br>ဒုတိယဦးစီးမှူး<br>ဖာပွန်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဖာပွန်ခရိုင် |
| (၁၀) | ဒေါ်ဆုအိမ်ဖြူမောင်<br>ဒုတိယဦးစီးမှူး<br>ရွှေကျင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ရွှေကျင်မြို့နယ် |

| စဉ် | အမည်၊ လက်ရှိ ရာထူး၊ ဌာန/ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန/ကော်ခွဲရုံး |
|---|---|---|
| (၁၁) | ဒေါ်ချိုချိုရီ<br>ဒုတိယဦးစီးမှူး<br>မြိတ်ခရိုင် | <br>ဦးစီးအရာရှိ<br>မြိတ်ခရိုင် |
| (၁၂) | ဒေါ်ခင်မြတ်ငွေး<br>ဒုတိယဦးစီးမှူး<br>ကျောက်ဖြူခရိုင် | <br>ဦးစီးအရာရှိ<br>ကျောက်ဖြူခရိုင် |
| (၁၃) | ဒေါ်မြင့်ယုမွန်<br>ဒုတိယဦးစီးမှူး<br>မူဆယ်ခရိုင် | <br>ဦးစီးအရာရှိ<br>မူဆယ်ခရိုင် |
| (၁၄) | ဒေါ်သန်းမေလှိုင်ဦး<br>ဒုတိယဦးစီးမှူး<br>မိုင်းယန်းမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းယန်းမြို့နယ် |
| (၁၅) | ဒေါ်စန်းစန်းအေး<br>ဒုတိယဦးစီးမှူး<br>ဟင်္သာတမြို့နယ် | <br>ဦးစီးအရာရှိ<br>ဟင်္သာတမြို့နယ် |
| (၁၆) | ဒေါ်ဖြူဖြူမင်း<br>ဒုတိယဦးစီးမှူး<br>ဗန်းမော်ခရိုင် | <br>ဦးစီးအရာရှိ<br>ဗန်းမော်ခရိုင် |
| (၁၇) | ဒေါ်အိဖြူဝင်း<br>ဒုတိယဦးစီးမှူး<br>ကလေးမြို့နယ် | <br>ဦးစီးအရာရှိ<br>မော်လိုက်ခရိုင် |
| (၁၈) | ဒေါ်ငြိမ်းငြိမ်းဇော်<br>ဒုတိယဦးစီးမှူး<br>အင်းစိန်မြို့နယ် | <br>ဦးစီးအရာရှိ<br>အင်းစိန်မြို့နယ် |
| (၁၉) | ဦးထန်ဟောက်လန်<br>ဒုတိယဦးစီးမှူး<br>တီးတိန်မြို့နယ် | <br>ဦးစီးအရာရှိ<br>တွန်းဇံမြို့နယ် |
| (၂၀) | ဦးမိုးကျော်<br>ဒုတိယဦးစီးမှူး<br>သံတွဲခရိုင် | <br>ဦးစီးအရာရှိ<br>သံတွဲခရိုင် |
| (၂၁) | ဦးအောင်မင်းထွန်း<br>ဒုတိယဦးစီးမှူး<br>မိုးမိတ်ခရိုင် | <br>ဦးစီးအရာရှိ<br>မိုင်းယောင်းမြို့နယ် |
| (၂၂) | ဦးသန့်ဇင်မင်း<br>ဒုတိယဦးစီးမှူး<br>သရက်ခရိုင် | <br>ဦးစီးအရာရှိ<br>တနင်္သာရီမြို့နယ် |
| (၂၃) | ဒေါ်သိမ့်မမထွန်း (ခ) သီတာလွင်<br>ဒုတိယဦးစီးမှူး<br>နတ်မောက်မြို့နယ် | <br>ဦးစီးအရာရှိ<br>မွန်ပြည်နယ် |
| (၂၄) | ဦးရဲကျော်သူ<br>ဒုတိယဦးစီးမှူး<br>ကျောက်တံတားမြို့နယ် | <br>ဦးစီးအရာရှိ<br>လှိုင်သာယာမြို့နယ် |
| (၂၅) | ဦးချစ်ဦးမောင်ကြီး<br>ဒုတိယဦးစီးမှူး<br>ကရင်ပြည်နယ် | <br>ဦးစီးအရာရှိ<br>ကော့ကရိတ်ခရိုင် |
| (၂၆) | ဦးအောင်မြတ်မိုး<br>ဒုတိယဦးစီးမှူး<br>မိုင်းဖြတ်မြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းဖြတ်မြို့နယ် |
| (၂၇) | ဦးဝင်းကျော်မြင့်ဦး<br>ဒုတိယဦးစီးမှူး<br>မယ်စဲ့မြို့နယ် | <br>ဦးစီးအရာရှိ<br>မယ်စဲ့မြို့နယ် |
| (၂၈) | ဒေါ်ယဉ်နု<br>ဒုတိယဦးစီးမှူး<br>ဖယ်ခုံမြို့နယ် | <br>ဦးစီးအရာရှိ<br>ဖယ်ခုံမြို့နယ် |
| (၂၉) | ဒေါ်အေးအေးမော်<br>ဒုတိယဦးစီးမှူး<br>အစည်းအဝေးဌာနစု | ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| (၃၀) | ဒေါ်နန်းယုဝင်း<br>ဒုတိယဦးစီးမှူး<br>ပြည်မြို့နယ် | <br>ဦးစီးအရာရှိ<br>ပန်းတောင်းမြို့နယ် |
| (၃၁) | ဒေါ်ဥမ္မာဖြိုး<br>ဒုတိယဦးစီးမှူး<br>မြိတ်မြို့နယ် | <br>ဦးစီးအရာရှိ<br>မြိတ်မြို့နယ် |
| (၃၂) | ဦးအောင်ကျော်စိုး<br>ဒုတိယဦးစီးမှူး<br>မလှိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဘောလခဲခရိုင် |
| (၃၃) | ဦးကျော်ငွေးမြင့်<br>ဒုတိယဦးစီးမှူး<br>ပေါက်တောမြို့နယ် | <br>ဦးစီးအရာရှိ<br>ပေါက်တောမြို့နယ် |
| (၃၄) | ဒေါ်ကေနွယ်နွယ်ထွန်း<br>ဒုတိယဦးစီးမှူး<br>လပွတ္တာခရိုင် | <br>ဦးစီးအရာရှိ<br>ဒေးဒရဲမြို့နယ် |
| (၃၅) | ဒေါ်ဝေဖြူပိုင်<br>ဒုတိယဦးစီးမှူး<br>ဆိပ်ဖြူမြို့နယ် | <br>ဦးစီးအရာရှိ<br>ကသာခရိုင် |
| (၃၆) | ဒေါ်ဟေသီဆု<br>ဒုတိယဦးစီးမှူး<br>ထီးချိုင့်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဘုတလင်မြို့နယ် |
| (၃၇) | ဦးခင်အောင်လိန်း<br>ဒုတိယဦးစီးမှူး<br>ထန်တလန်မြို့နယ် | <br>ဦးစီးအရာရှိ<br>ထန်တလန်မြို့နယ် |
| (၃၈) | ဒေါ်အေးလှယ်ကျဲရ်<br>ဒုတိယဦးစီးမှူး<br>ဖလမ်းခရိုင် | <br>ဦးစီးအရာရှိ<br>ဖလမ်းခရိုင် |

| စဉ် | အမည်၊ လက်ရှိ ရာထူး၊ ဌာန/ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန/ကော်ခွဲရုံး |
|---|---|---|
| (၃၉) | ဒေါ်ဇင်မာထွေး<br>ဒုတိယဦးစီးမှူး<br>မြိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဘုတ်ပြင်းမြို့နယ် |
| (၄၀) | ဦးရဲခေါင်<br>ဒုတိယဦးစီးမှူး<br>တာချီလိတ်ခရိုင် | <br>ဦးစီးအရာရှိ<br>မိုင်းတုံမြို့နယ် |
| (၄၁) | ဦးပြည့်ဖြိုးမိုး<br>ဒုတိယဦးစီးမှူး<br>ခနုဖြူမြို့နယ် | <br>ဦးစီးအရာရှိ<br>ခနုဖြူမြို့နယ် |
| (၄၂) | ဒေါ်ထက်ထက်အောင်<br>ဒုတိယဦးစီးမှူး<br>ပြည်ခရိုင် | <br>ဦးစီးအရာရှိ<br>သံတွဲမြို့နယ် |
| (၄၃) | ဒေါ်ဇင်မာအောင်<br>ဒုတိယဦးစီးမှူး<br>ဒီပဲယင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ရေဖြူမြို့နယ် |
| (၄၄) | ဒေါ်သဉ္ဇာလွင်<br>ဒုတိယဦးစီးမှူး<br>ပြည်ထောင်စုနယ်မြေ | <br>ဦးစီးအရာရှိ<br>သရက်ချောင်းမြို့နယ် |
| (၄၅) | ဒေါ်ခြူးမျက်ချယ်<br>ဒုတိယဦးစီးမှူး<br>သထုံမြို့နယ် | <br>ဦးစီးအရာရှိ<br>ကျွန်းစုမြို့နယ် |
| (၄၆) | ဦးအောင်ကျော်စိုး<br>ဒုတိယဦးစီးမှူး<br>တောင်ကုတ်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဂွမြို့နယ် |
| (၄၇) | ဒေါ်သီတာအေး<br>ဒုတိယဦးစီးမှူး<br>ရန်ကုန် (အနောက်ပိုင်း) ခရိုင် | <br>ဦးစီးအရာရှိ<br>မြေပုံမြို့နယ် |
| (၄၈) | ဒေါ်လှိုင်ဦးမေ<br>ဒုတိယဦးစီးမှူး<br>ရေဦးမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းပြင်းမြို့နယ် |
| (၄၉) | ဦးမျိုးဝင်းအောင်<br>ဒုတိယဦးစီးမှူး<br>မိုင်းခတ်မြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းခတ်မြို့နယ် |
| (၅၀) | ဒေါ်မြတ်ဆုခင်<br>ဒုတိယဦးစီးမှူး<br>သရက်မြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းဆတ်မြို့နယ် |
| (၅၁) | ဒေါ်ဂျူးနီတာဇော်<br>ဒုတိယဦးစီးမှူး<br>မော်လမြိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ကိုကိုးကျွန်းမြို့နယ် |
| (၅၂) | ဒေါ်သန္တာဦး<br>ဒုတိယဦးစီးမှူး<br>မိုင်းကိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>နန်းယွန်းမြို့နယ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

**ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ မြေကွက်အမှတ် (၁၇/ဆွမ်းဖုန်းချိန်)၊ ဦးပိုင်အမှတ် (၈၅) ရှိ မြေ (၂. ၀၅) ဧကနှင့် ရင်ဖုန်းဟိုတယ်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ မြေကွက်အမှတ် (၁၇/ဆွမ်းဖုန်းချိန်)၊ ဦးပိုင်အမှတ် (၈၅) ရှိ မြေ (၂. ၀၅) ဧကနှင့် ရင်ဖုန်းဟိုတယ်ကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၁၉၁၅. ၄၇၉ သန်းဖြင့် အဆိုပြုသူ ဦးခင်မောင်ဝင်း ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးခင်မောင်ဝင်း သည် အဆိုပါ မြေနှင့် ရင်ဖုန်းဟိုတယ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၅၇၄, ၆၄၁၇ သန်းကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၁၃၄၀, ၈၃၅၃ သန်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါသဖြင့် ဦးခင်မောင်ဝင်းထံသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက လွှဲပြောင်းပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၃။ ဦးခင်မောင်ဝင်းအနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ မြေကွက်အမှတ် (၁၇/ဆွမ်းဖုန်းချိန်)၊ ဦးပိုင်အမှတ် (၈၅) ရှိ မြေ (၂. ၀၅) ဧကနှင့် ရင်ဖုန်းဟိုတယ်ကို ဝယ်ယူသူ ဦးခင်မောင်ဝင်း၏ အမည်ပေါက်မြေငရန် ထုတ်ပေးရန်အတွက် ရှမ်းပြည်နယ်၊ မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင် ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

အမှတ် ၇၀၁/၂၀၁၈ ။ ။ ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ဇေယျ အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ အပြင် အင်ဒိုရာ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

အမှတ် ၇၁၅/၂၀၁၈ ။ ။ ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ဇေယျ အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ အပြင် စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

အမှတ် ၅/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ယု အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့သို့ ကောင်စစ်ဝန်ချုပ် အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ကောင်စစ်ဝန်ချုပ် ဦးတင်ယုသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့သို့ ရောက်ရှိတာဝန်ထမ်းဆောင်ချိန်မှစ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ဘ၁-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံအမတ်အတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၅၆၀) ကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၆/၂၀၁၉ ။ ။ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူးကြီး ဦးရဲမင်းသိမ်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇/၂၀၁၉ ။ ။ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူး ဒေါ်ဇာဇာမင်းသော် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၈/၂၀၁၉ ။ ။ ပါရီမြို့ မြန်မာသံရုံးမှ သံမှူး ဦးအိုးဝေမင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉/၂၀၁၉ ။ ။ ကိုလံဘိုမြို့ မြန်မာသံရုံးမှ သံမှူး ဦးဟန်မြင့် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၀/၂၀၁၉ ။ ။ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူး ဒေါ်ငုဝါဆွေ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၁/၂၀၁၉ ။ ။ လန်ဒန်မြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ရွှေအိမ်စည် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂/၂၀၁၉ ။ ။ ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်မေသူဖြူ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၃/၂၀၁၉ ။ ။ ဟန်ွိုင်းမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်မြတ်မြင့်မိုရ် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၄/၂၀၁၉ ။ ။ တိုကျိုမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ဟန်စုမွန် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၅/၂၀၁၉ ။ ။ ဟန်ွိုင်းမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးကျော်ဇင်ဦး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆/၂၀၁၉ ။ ။ ဘာလင်မြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်အေးသီတာခိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇/၂၀၁၉ ။ ။ ပါရီမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ရွှေရည်ဖြိုး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၈/၂၀၁၉ ။ ။ ပါရီမြို့ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဒေါ်ခင်စုစုမြတ်လှိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၉/၂၀၁၉ ။ ။ ဘဲလ်ဂရိတ်မြို့ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဦးသန်းဇော်ဦး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၀/၂၀၁၉ ။ ။ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ တတိယအတွင်းဝန် ဦးဇော်သက် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၁/၂၀၁၉ ။ ။ ကတ္တမန္ဒူမြို့ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဦးကျော်သူရ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၇/၂၀၁၉ ။ ။ မြန်မာသံရုံး၊ ရီရတ်ဒ်မြို့မှ ပထမအတွင်းဝန် ဦးချစ်ခိုင် အား မြန်မာသံရုံး၊ လန်ဒန်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၈/၂၀၁၉ ။ ။ မြန်မာသံရုံး၊ မနီလာမြို့မှ ဒုတိယအတွင်းဝန် ဦးခိုင်ထွဋ်လှ အား မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၉/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်အေးသီတာမျိုး အား ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅၀/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချောစုမြ အား မြန်မာသံရုံး၊ ကိုလံဘိုမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅၁/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာမျိုးမြင့် အား မြန်မာသံရုံး၊ ရီရတ်ဒ်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅၂/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး အား မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅၃/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သောင်းနွယ်ဆွေ အား မြန်မာသံရုံး၊ ပါရီမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅၄/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းလွင် အား မြန်မာသံရုံး၊ ကတ္တမန္ဒူမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅၅/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်အိခင်မမဆန်း အား မြန်မာသံရုံး၊ ဟန္နိုင်းမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မြောက်ဘက် ။ ။ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နယ်နိမိတ် ငစံဘော်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-694274) မှအစပြု၍ အရှေ့မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ် ငစံဘော်ချောင်းအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-701281) အထိ၊ ထိုမှ အရှေ့ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-710282) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ်နယ်နိမိတ် တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၉၆၅) ခန့်မှန်းမြေပုံညွှန်း (PM-724273) အထိ၊ ထိုမှ အရှေ့ဘက်သို့ မြို့နယ်နယ်နိမိတ် တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-740275) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-744283) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-750284) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၂၂) ခန့်မှန်းမြေပုံညွှန်း (PM-754278) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-765279) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ရသေ့တောင်၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်းမြို့နယ် နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-781271) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ် မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၃၀၀၉) မက်ခတောင် ခန့်မှန်းမြေပုံညွှန်း (PM-783264) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၁၈၅၀) ခန့်မှန်းမြေပုံညွှန်း (PM-778248) အထိ၊ ထိုမှ တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၈၇၆) ခန့်မှန်းမြေပုံညွှန်း (PM-785205) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-793174) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-785163) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-790153) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ် နယ်နိမိတ် တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၈၅) ဂြစ်ချောင်းတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (PM-799157) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၉၇၉) ခန့်မှန်းမြေပုံညွှန်း (PM-805142) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ် နယ်နိမိတ် တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၇၇၁) ခန့်မှန်းမြေပုံညွှန်း (PM-810130) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ လှိုင်ဂွင်ချောင်းလက်တက်အတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ လှိုင်ဂွင်ချောင်းမနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-793127) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ လှိုင်ဂွင်ချောင်းအတိုင်း (၅) ဖာလုံခန့်လာရာ လှိုင်ဂွင်ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-784126) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ လှိုင်ဂွင်ချောင်းအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-779123) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၅၆၅) ခန့်မှန်းမြေပုံညွှန်း (PM-778127) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၅၂၉) ခန့်မှန်းမြေပုံညွှန်း (PM-769147) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၂) မိုင်ခန့်လာရာ ရေစိုးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-753174) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ ရေစိုးချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-742197) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ပဲသဒူချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-732210) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၈၂၅) ခန့်မှန်းမြေပုံညွှန်း (PM-725225) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၉၀၂) ခန့်မှန်းမြေပုံညွှန်း (PM-715240) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-708253) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ငစံဘော်ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-697255) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ မူလစတင်သည့် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် မြို့နယ် နယ်နိမိတ် ငစံဘော်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-694274) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
# (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၀၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ (လဝက-၂၆၇၄) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီ သည် ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်နေ့အထိ

အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီ သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၈) ၏ သဘောတူညီချက်အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ လည်းကောင်း၊ စက်မှုဝန်ကြီး ဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) ဦးတင်ဦး ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဦးတင်ဦး အား ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်ပြီး၊ ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ မူဝါဒကို ထုတ်ပြန်လိုက်သည်။

## ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာ မူဝါဒ

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော လုပ်ကွက်များတွင် အသုံးပြုမည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အောက်ဖော်ပြပါ မူဝါဒများအား ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တင်သွင်းရောင်းချဖြန့်ဖြူးသူများလိုက်နာရန် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည် -

(က) ရွှေသတ္တုသယံဇာတ အရင်းအမြစ်များကို ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအသုံးပြု၍ သဘာဝပတ်ဝန်းကျင်၊ လူနှင့် သက်ရှိသတ္တဝါတို့အပေါ် ကာလတို၊ ကာလရှည်ဆိုးကျိုးသက်ရောက်မှု မဖြစ်စေဘဲ အကျိုးရှိစွာ ထုတ်လုပ်အသုံးချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရန်၊

(ခ) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအား ပြည်တွင်းသို့တင်သွင်းခြင်းအပြင် ယင်းနှင့် ဆက်စပ်လျက်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဖြစ်သည့် သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဂ) တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို စနစ်တကျ သုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များရယူ၍ ကိုင်တွယ်အသုံးပြုသူများကို အသိပေးသည့်စနစ် ကျင့်သုံးစေရန်၊

(ဃ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းအပါအဝင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ လိုင်စင်နှင့် မှတ်ပုံတင် လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်၊

(င) ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို နယ်စပ် ကုန်သွယ်မှုစခန်းများနှင့် ဆိပ်ကမ်းများမှတစ်ဆင့် တင်သွင်းသယ်ယူပို့ဆောင်မည်ဆိုပါက အဆိုပါ စခန်းများ၏ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့်နေရာနှင့် လုပ်ငန်းခွင်သို့ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်စေရန်၊

(စ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို အသုံးပြုရန်နှင့် ရောင်းချရန်တို့အတွက် လက်ခံသိုလှောင်မည့်သူသည် ယင်းဓာတုပစ္စည်းများ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့စေရန်၊

(ဆ) ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို ပြည်ပမှ ဝယ်ယူလျှင်သော်လည်းကောင်း၊ ဝယ်ယူသိုလှောင်ပြီး ပြန်လည်ဖြန့်ဖြူးရောင်းချလျှင်သော် လည်းကောင်း ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် မိမိတို့ ဖြန့်ဖြူးရောင်းချသူများ၏ အမည်၊ နေရပ်၊ ရောင်းချခဲ့သည့် ပမာဏ၊ သုံးစွဲမည့်ဒေသ၊ သုံးစွဲမည့်အကြောင်းအရာများကို စနစ်တကျ မှတ်တမ်းများ ထားရှိ၍ ရောင်းချသူနှင့် ဝယ်ယူသုံးစွဲသူများသည် လိုအပ်ပါက စစ်ဆေးမှုခံယူနိုင်ရေးအတွက် ပြင်ဆင်ထားရှိစေရန်၊

(ဇ) ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့်စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကိုကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေး

ကိရိယာများ၊ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်တော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကိုထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဈ) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို အသုံးပြုပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ပါက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်စေရန်။

၂။ ဤမူဝါဒထုတ်ပြန်သည့်နေ့မှစ၍ ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အထက်အပိုဒ် (၁) ပါ အချက်များအား တိကျစွာလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

ဥက္ကဋ္ဌ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) အစီအစဉ် (၁၁) ၌ သဘောတူညီချက်အရ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်း) ဒေါ်မူမူအောင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

အမှတ် ၁၀၆ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (အဏုဇီဝ) ဒေါက်တာခွာညိုဇင် (ဆမ-၉၈၄၃)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အဆိုပါဆေးရုံကြီး၏ ညွှန်ကြားရေးမှူး (ဆေးရုံအုပ်/ကုသရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအင်အားကိုအသုံးပြု၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး အဏုဇီဝဗေဒဌာန၏ လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၀၇ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ

အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (အဏုဇီဝ)/တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့် ယှဉ်တွဲပါ ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၁၁၈ | ဒေါက်တာအေးအေးဟန်<br>Dip.Med.Sc (Micro;)<br>M.Med.Sc (Micro;)<br>Dip.Med.Ed<br>Ph.D (Micro;)<br>တွဲဖက်ပါမောက္ခ<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်၊ မန္တလေး | ပါမောက္ခ (အဏုဇီဝ)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (အဏုဇီဝ) သည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၀၈ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ အဏုဇီဝဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၃၆၀၂ | ဒေါက်တာမြင့်မြင့်စိန်<br>M.Med.Sc (Microbiology),<br>Ph.D (Microbiology),<br>Dip.Med.Ed,<br>Diplomain Medical Microbiology<br>တွဲဖက်ပါမောက္ခ<br>ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုပညာဌာန<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၂။ | ၁၄၄၅၉ | ဒေါက်တာသင်းသင်းမာ<br>M.Med.Sc (Microbiology),<br>Ph.D (Microbiology),<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၉ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနှင့် ကုသမှုပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၈၀၆ | ဒေါက်တာမျိုးသူဇာခင်<br>M.Med.Sc (Rehabilitation),<br>Dr. Med.Sc,<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(ရန်ကုန်) | ပါမောက္ခ/ဌာနမှူး<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(ရန်ကုန်) |
| ၂။ | ၁၃၈၅၄ | ဒေါက်တာမျိုးတင့်ထွန်း<br>M.Med.Sc (Rehabilitation),<br>Dr. Med.Sc,<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

အမှတ် ၁၁၀ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၅မက (ခ) ၂၀၁၈/၂၁၁၀၇ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)၊ အသည်းနှင့် သည်းခြေခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ ဒေါက်တာခွန်အောင် (ဆမ-၁၀၆၄၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသောအဆင့်အလိုက် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆကို ထောက်ပံ့ငွေအနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်သော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် နေ့စားလုပ်ခကို ၆,၅၀၀/- နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ ၂ ဆနှင့် နေ့စားအလုပ်သမားများအား နေ့စားလုပ်ခကို ၆,၅၀၀/- နှုန်းဖြင့် လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေအရ **၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအတွက်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်ကိုလည်းကောင်း** အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၁၆)၊ (၃၁/၂၀၁၇)၊ (၃၄/၂၀၁၇)၊ (၅၇/၂၀၁၇)၊ (၈၈/၂၀၁၇)၊ (၁၀၁/၂၀၁၇)၊ (၁၁၈/၂၀၁၇)၊ (၂၇/၂၀၁၈)၊ (၄၉/၂၀၁၈) နှင့် (၇၅/၂၀၁၈) တို့ဖြင့် ပြောင်းလဲပြင်ဆင်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** နေ့စားလုပ်ခကို ၆,၅၀၀/- နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေးဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း ၁ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးလိုက်သည် -

| **စဉ်** | **အဖွဲ့အစည်းအမည်** | **လိုင်စင်အမှတ်** |
|---|---|---|
| ၁။ | Shinwa Microfinance Co.,Ltd | ၀၂၈၀/၂၀၁၈ |

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လိုင်စင်အကြိုစိစစ်ရေးဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း ၁ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်အပ်နှံခွင့်ပြုလိုက်သည် -

| **စဉ်** | **အဖွဲ့အစည်းအမည်** | **လိုင်စင်အမှတ်** |
|---|---|---|
| ၁။ | မြန်မာ့နှလုံးသားလူမှုဖွံ့ဖြိုးရေးအဖွဲ့ | ၀၀၁၆၇/၂၀၁၃ |

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**

**ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇။)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ် တစ်ဝန်းလုံး၌ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေရန် ကောက်ခံရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုး အကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ (က) ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို လွှဲပြောင်းနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသောရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) တွင် ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေ များနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄

## စည်ပင်သာယာရေးအဖွဲ့များ

၉။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၀။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရငွေထက်ပိုသောအသုံးစရိတ်များအတွက် လိုအပ်သည့်ငွေကို ထောက်ပံ့ငွေအဖြစ် ဤဥပဒေအရ လျာထားသော လျာထားချက်ဘောင်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၂။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာခက်အောင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

ဇယား (ဂ)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၉. ၄၁၈ | | ၅,၁၉၆. ၀၈၃ | | | ၁,၈၀၀. ၀၀၀ | | | | ၇,၀၂၅. ၅၀၁ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၁၅. ၀၀၀ | | | | | | | ၃၁၅. ၀၀၀ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၄၃၀ | | | | | | | ၀. ၄၃၀ |
| ၅ | စာရင်းစစ်ရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၅၅ | | | | | | | ၀. ၁၅၅ |
| | ပေါင်း | | ၂၉. ၄၁၈ | | ၅,၅၁၁. ၆၆၈ | | | ၁,၈၀၀. ၀၀၀ | | | | ၇,၃၄၁. ၀၈၆ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈,၆၄၆. ၈၆၇ | | ၁,၈၀၀. ၀၀၀ | ၅၆,၅၃၀. ၁၁၆ | | | | ၆၆,၉၇၆. ၉၈၃ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၂၄၂. ၈၈၉ | | | ၃၃၂. ၂၅၇ | | | | ၁,၅၇၅. ၁၄၆ |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၉. ၉၅၇ | | | | | | | ၅၉. ၉၅၇ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၅၃၇. ၈၄၂ | | | ၂၄၁. ၉၇၁ | | | | ၇၇၉. ၈၁၃ |
| ၅ | စာရင်းစစ်ရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၀၂၄. ၇၁၁ | | | ၃၈၇. ၇၅၀ | | | | ၁,၄၁၂. ၄၆၁ |
| | ပေါင်း | | ၁၁,၅၁၂. ၂၆၆ | | ၁,၈၀၀. ၀၀၀ | ၅၇,၄၉၂. ၀၉၄ | | | | ၇၀,၈၀၄. ၃၆၀ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၄၄၆. ၅၅၉** | | | | | | | | | **၄၄၆. ၅၅၉** |
| | ၁ | ယစ်မျိုးခွန် | | ၄၄၆. ၅၅၉ | | | | | | | | | ၄၄၆. ၅၅၉ |
| **၂** | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၅၄၇. ၈၇၇** | | | | | | | | | **၅၄၇. ၈၇၇** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၉. ၁၆၇ | | | | | | | | | ၉. ၁၆၇ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့် အခွန် | | ၄၈. ၅၁၇ | | | | | | | | | ၄၈. ၅၁၇ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၃၃. ၆၉၃ | | | | | | | | | ၃၃. ၆၉၃ |
| | ၅ | အင်းအိုင်ခွန် | | ၄၅၆. ၅၀၀ | | | | | | | | | ၄၅၆. ၅၀၀ |
| **၃** | | **ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | ၎င်း | | | | | | | | | | |
| **၄** | | **ပြည်ထဲရေး** | ၎င်း | | | **၃၈. ၀၄၈** | | | | | | | **၃၈. ၀၄၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၃၇. ၀၁၅ | | | | | | | ၃၇. ၀၁၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၃ | | | | | | | ၀. ၀၃၃ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁. ၀၀၀ | | | | | | | ၁. ၀၀၀ |
| **၅** | | **စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | | **၄၆. ၆၀၀** | | | | | | | **၄၆. ၆၀၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၃. ၅၇၂ | | | | | | | ၃၃. ၅၇၂ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၈. ၀၀၀ | | | | | | | ၈. ၀၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၂. ၄၈၀ | | | | | | | ၂. ၄၈၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁. ၁၄၈ | | | | | | | ၁. ၁၄၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၃၀၀ | | | | | | | ၁. ၃၀၀ |
| | ၆ | ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း | | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| **၆** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၃၆. ၇၂၇** | | | | | | | **၃၆. ၇၂၇** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၁. ၇၂၇ | | | | | | | ၂၁. ၇၂၇ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | | | | ၁၅. ၀၀၀ | | | | | | | ၁၅. ၀၀၀ |
| **၇** | | **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** | ၎င်း | | | | | | | | | | |
| **၈** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၉၄. ၃၂၆** | | | | | | | **၉၄. ၃၂၆** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၉၄. ၃၂၆ | | | | | | | ၉၄. ၃၂၆ |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | **၅၄. ၈၃၀** | | | **၁၅၈,၂၈၂. ၅၆၀** | | | | **၁၅၈,၃၃၇. ၃၉၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၅၄. ၈၀၉ | | | | | | | ၅၄. ၈၀၉ |
| | ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၂၁ | | | | | | | ၀. ၀၂၁ |
| | ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | | |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၅၈,၂၈၂. ၅၆၀ | | | | ၁၅၈,၂၈၂. ၅၆၀ |
| **၁၀** | | **ဆောက်လုပ်ရေး** | ၎င်း | | | **၄၇. ၅၆၉** | | | | | | | **၄၇. ၅၆၉** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၄၃. ၀၆၉ | | | | | | | ၄၃. ၀၆၉ |
| | ၂ | လမ်းဦးစီးဌာန | | | | ၄. ၅၀၀ | | | | | | | ၄. ၅၀၀ |
| | | **ပေါင်း** | | **၉၉၄. ၄၃၆** | | **၃၁၈. ၁၀၀** | | | **၁၅၈,၂၈၂. ၅၆၀** | | | | **၁၅၉,၅၉၅. ၀၉၆** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၈,၄၃၂. ၁၀၆** | | **၂၀. ၀၀၀** | **၃,၇၅၄. ၈၄၈** | | | | **၁၂,၂၀၆. ၉၅၄** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၆,၁၀၂. ၈၆၀ | | ၂၀. ၀၀၀ | ၁,၈၅၁. ၈၆၆ | | | | ၇,၉၇၄. ၇၂၆ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၂၈. ၂၈၂ | | | ၃၂. ၉၁၀ | | | | ၃၆၁. ၁၉၂ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂,၀၀၀. ၉၆၄ | | | ၁,၈၇၀. ၀၇၂ | | | | ၃,၈၇၁. ၀၃၆ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ဎင်း** | **၃,၆၇၂. ၅၉၀** | | | **၁,၆၆၃. ၉၆၀** | | | | **၅,၃၃၆. ၅၅၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂,၁၀၁. ၈၆၀ | | | ၁,၀၀၀. ၀၀၀ | | | | ၃,၁၀၁. ၈၆၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၆၂. ၂၄၀ | | | ၂၉၄. ၅၀၀ | | | | ၅၅၆. ၇၄၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၅၆၂. ၈၁၄ | | | ၅၈. ၀၀၀ | | | | ၆၂၀. ၈၁၄ |
| | ၄ | သမဝါယမဦးစီးဌာန | | ၆၀၃. ၂၈၀ | | | ၂၅၀. ၀၀၀ | | | | ၈၅၃. ၂၈၀ |
| | ၅ | အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန | | ၆၃. ၅၇၃ | | | ၃၈. ၃၃၀ | | | | ၁၀၁. ၉၀၃ |
| | ၆ | ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း | | ၇၈. ၈၂၃ | | | ၂၃. ၁၃၀ | | | | ၁၀၁. ၉၅၃ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ဎင်း** | **၁,၆၃၈. ၆၅၅** | | | **၇၄၅. ၇၂၇** | | | | **၂,၃၈၄. ၃၈၂** |
| | ၁ | သစ်တောဦးစီးဌာန | | ၁,၀၆၀. ၅၄၉ | | | ၃၂၁. ၈၅၀ | | | | ၁,၃၈၂. ၃၉၉ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၄၃၅. ၉၂၅ | | | ၃၈၄. ၀၀၀ | | | | ၈၁၉. ၉၂၅ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | | ၁၄၂. ၁၈၁ | | | ၃၉. ၈၇၇ | | | | ၁၈၂. ၀၅၈ |
| **၄** | | **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** | **ဎင်း** | **၁၈. ၃၃၇** | | | **၇၈. ၀၇၀** | | | | **၉၆. ၄၀၇** |
| **၅** | | **ကျန်းမာရေးနှင့် အားကစား** | **ဎင်း** | **၆၀၈. ၈၄၀** | | | **၂,၁၀၃. ၂၂၅** | | | | **၂,၇၁၂. ၀၆၅** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၆၀၈. ၈၄၀ | | | ၂,၁၀၃. ၂၂၅ | | | | ၂,၇၁၂. ၀၆၅ |
| **၆** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ဎင်း** | **၉၆၃. ၆၇၂** | | | **၂,၄၁၆. ၈၂၇** | | | | **၃,၃၈၀. ၄၉၉** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၆၃. ၁၅၈ | | | ၆၃၈. ၂၇၀ | | | | ၇၀၁. ၄၂၈ |
| | ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၂၄. ၉၅၂ | | | ၁,၁၀၂. ၄၅၇ | | | | ၁,၇၂၇. ၄၀၉ |
| | ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၅၁. ၉၀၆ | | | ၃၉၃. ၇၉၀ | | | | ၅၄၅. ၆၉၆ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၂၃. ၆၅၆ | | | ၂၈၂. ၃၁၀ | | | | ၄၀၅. ၉၆၆ |
| **၇** | | **ဆောက်လုပ်ရေး** | **ဎင်း** | **၆,၇၁၇. ၂၉၄** | | | **၄၈,၂၄၂. ၆၇၁** | | | | **၅၄,၉၅၉. ၉၆၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၀၂. ၀၂၀ | | | ၅,၁၀၈. ၈၆၅ | | | | ၅,၄၁၀. ၈၈၅ |
| | ၂ | လမ်းဦးစီးဌာန | | ၆,၄၁၅. ၂၇၄ | | | ၄၃,၁၃၃. ၈၀၆ | | | | ၄၉,၅၄၉. ၀၈၀ |
| | | **ပေါင်း** | | **၂၂,၀၅၁. ၄၉၄** | | **၂၀. ၀၀၀** | **၅၉,၀၀၅. ၃၂၈** | | | | **၈၁,၀၇၆. ၈၂၂** |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြား သာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ငွေလုံးငွေရင်း ရငွေ | ရငွေများ - ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၅. ၀၀၀** | | | | | | | **၅. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၅. ၀၀၀ | | | | | | | ၅. ၀၀၀ |
| | | **ပေါင်း** | | | | **၅. ၀၀၀** | | | | | | | **၅. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၆၆. ၅၀၀** | | | **၁၄,၉၉၃. ၅၀၀** | | | | **၁၅,၀၆၀. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၆၆. ၅၀၀ | | | ၁၄,၉၉၃. ၅၀၀ | | | | ၁၅,၀၆၀. ၀၀၀ |
| | | **ပေါင်း** | | **၆၆. ၅၀၀** | | | **၁၄,၉၉၃. ၅၀၀** | | | | **၁၅,၀၆၀. ၀၀၀** |

ဇယား (၇)
(ကျပ်သန်းပေါင်း)

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၀၂. ၂၅၁ | | ၁၀,၀၆၂. ၇၀၁ | | | | | | | ၁၀,၈၆၄. ၉၅၂ |
| | ပေါင်း | | ၈၀၂. ၂၅၁ | | ၁၀,၀၆၂. ၇၀၁ | | | | | | | ၁၀,၈၆၄. ၉၅၂ |

ဇယား (၈)
(ကျပ်သန်းပေါင်း)

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၄၄၃. ၃၉၂ | | | ၅,၄၂၀. ၅၆၀ | | | | ၁၀,၈၆၃. ၉၅၂ |
| | ပေါင်း | | ၅,၄၄၃. ၃၉၂ | | | ၅,၄၂၀. ၅၆၀ | | | | ၁၀,၈၆၃. ၉၅၂ |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

**(၂၀၁၈ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏

## ရငွေများနှင့်သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍

ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်

လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် ပြည်နယ်လွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အပိုင်း ၄

## ငွေချေးယူခြင်း၊ ထောက်ပံ့ငွေရယူခြင်းနှင့် ပြည်ပအကူအညီရယူခြင်း

၁၀။ ပြည်နယ်အစိုးရအဖွဲ့သည် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၁။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့်အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူဆောင်ရွက်ရမည်။

၁၃။ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များအရ ရငွေနှင့်သုံးငွေများ ပြောင်းလဲခြင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | **မွန်ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁. ၂၁၃ | | ၃,၅၄၈. ၂၉၈ | | ၅,၀၀၀. ၀၀၀ | ၁,၀၀၀. ၀၀၀ | ၁,၁၁၂. ၄၃၄ | | | | ၁၀,၆၆၀. ၉၄၅ |
| ၂ | **မွန်ပြည်နယ်လွှတ်တော်** | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | |
| ၃ | **မွန်ပြည်နယ်တရားလွှတ်တော်** | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၄၀၀. ၀၀၀ | | | | | | | | ၄၀၀. ၀၀၀ |
| ၄ | **မွန်ပြည်နယ်ဥပဒေချုပ်** | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၄၇၀ | | | | | | | | ၀. ၄၇၀ |
| ၅ | **မွန်ပြည်နယ်စာရင်းစစ်ချုပ်** | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၈၀၀ | | | | | | | | ၀. ၈၀၀ |
| | ပေါင်း | | ၁. ၂၁၃ | | ၃,၉၄၉. ၅၆၈ | | ၅,၀၀၀. ၀၀၀ | ၁,၀၀၀. ၀၀၀ | ၁,၁၁၂. ၄၃၄ | | | | ၁၁,၀၆၃. ၂၁၅ |

**မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | **မွန်ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၄၇၅. ၇၄၄ | | ၂,၁၀၂. ၄၃၄ | ၇,၇၃၀. ၇၁၁ | | | | ၁၅,၃၁၉. ၈၈၉ |
| ၂ | **မွန်ပြည်နယ်လွှတ်တော်** | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၄၁. ၂၈၄ | | | ၇၁. ၃၇၉ | | | | ၅၁၂. ၆၆၃ |
| ၃ | **မွန်ပြည်နယ်တရားလွှတ်တော်** | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၆. ၈၅၀ | | | | | | | ၅၆. ၈၅၀ |
| ၄ | **မွန်ပြည်နယ်ဥပဒေချုပ်** | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄၀၁. ၃၇၄ | | | ၅၈၆. ၃၃၀ | | | | ၉၈၇. ၇၀၄ |
| ၅ | **မွန်ပြည်နယ်စာရင်းစစ်ချုပ်** | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈၂၆. ၆၃၉ | | | ၅၄. ၆၀၀ | | | | ၈၈၁. ၂၃၉ |
| | ပေါင်း | | ၇,၂၀၁. ၈၉၁ | | ၂,၁၀၂. ၄၃၄ | ၈,၄၄၄. ၀၂၀ | | | | ၁၇,၇၅၈. ၃၄၅ |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ပြည်ပအကူအညီရငွေ | ကျေးမြို့ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| | | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၈၈၉. ၀၈၀** | | | | | | | | | | **၈၈၉. ၀၈၀** |
| | ၁ | ယစ်မျိုးခွန် | | ၈၈၉. ၀၈၀ | | | | | | | | | | ၈၈၉. ၀၈၀ |
| **၂** | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၂,၀၈၂. ၆၄၃** | | | | | | | | | | **၂,၀၈၂. ၆၄၃** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၃၅. ၄၁၇ | | | | | | | | | | ၃၃၅. ၄၁၇ |
| | ၂ | တာတမံခွန် | | ၀. ၆၂၅ | | | | | | | | | | ၀. ၆၂၅ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၅၀. ၆၁၅ | | | | | | | | | | ၅၀. ၆၁၅ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၉၅၇. ၉၂၃ | | | | | | | | | | ၉၅၇. ၉၂၃ |
| | ၅ | အင်းအိုင်ခွန် | | ၇၃၈. ၀၆၃ | | | | | | | | | | ၇၃၈. ၀၆၃ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | **၎င်း** | **၃၈၁. ၄၇၆** | | | | | | | | | | **၃၈၁. ၄၇၆** |
| | ၁ | ပစ္စည်းခွန် | | ၃၆၈. ၄၀၆ | | | | | | | | | | ၃၆၈. ၄၀၆ |
| | ၂ | ဘီးခွန် | | ၁၃. ၀၇၀ | | | | | | | | | | ၁၃. ၀၇၀ |
| **၄** | | **ပြည်ထဲရေး** | **၎င်း** | | | **၃၇. ၂၁၀** | | | | | | | | **၃၇. ၂၁၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၆. ၇၆၀ | | | | | | | | ၁၆. ၇၆၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၄၅၀ | | | | | | | | ၀. ၄၅၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၂၀. ၀၀၀ | | | | | | | | ၂၀. ၀၀၀ |
| **၅** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | | | **၅၁. ၉၃၇** | | | | | | | | **၅၁. ၉၃၇** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၆. ၀၀၀ | | | | | | | | ၃၆. ၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁. ၉၃၇ | | | | | | | | ၁. ၉၃၇ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၅. ၀၀၀ | | | | | | | | ၅. ၀၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၆. ၇၀၀ | | | | | | | | ၆. ၇၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၂. ၃၀၀ | | | | | | | | ၂. ၃၀၀ |
| **၆** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | | | **၂၅၉. ၂၁၅** | | | | | | | | **၂၅၉. ၂၁၅** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၄၉. ၂၁၅ | | | | | | | | ၂၄၉. ၂၁၅ |
| | ၂ | သတ္တုတွင်းဦးစီးဌာန | | | | ၁၀. ၀၀၀ | | | | | | | | ၁၀. ၀၀၀ |
| **၇** | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | | **၄၉. ၀၀၀** | | | | | | | | **၄၉. ၀၀၀** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၄၉. ၀၀၀ | | | | | | | | ၄၉. ၀၀၀ |
| **၈** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | | **၃၂. ၈၈၀** | | | **၇၉,၆၇၉. ၇၀၈** | | | | | **၇၉,၇၁၂. ၅၈၈** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | | ၀. ၁၀၀ |
| | ၂ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၃၂. ၇၈၀ | | | | | | | | ၃၂. ၇၈၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၇၉,၆၇၉. ၇၀၈ | | | | | ၇၉,၆၇၉. ၇၀၈ |
| **၉** | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၁၀၆. ၉၀၈** | | | | | | | | **၁၀၆. ၉၀၈** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၇၈. ၅၀၈ | | | | | | | | ၇၈. ၅၀၈ |
| | ၂ | လမ်းဦးစီးဌာန | | | | ၂၈. ၄၀၀ | | | | | | | | ၂၈. ၄၀၀ |
| **၁၀** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၉,၃၂၃. ၄၉၉** | | | | | | | | **၉,၃၂၃. ၄၉၉** |
| | | ပေါင်း | | ၃,၃၅၃. ၁၉၉ | | ၉,၈၆၄. ၆၄၉ | | | ၇၉,၆၇၉. ၇၀၈ | | | | | ၉၂,၈၉၇. ၅၅၆ |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅,၆၆၅. ၂၇၇** | | | **၃,၀၇၂. ၅၉၃** | | | | **၈,၇၃၇. ၈၇၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃,၉၁၀. ၉၃၉ | | | ၁,၅၂၇. ၀၅၁ | | | | ၅,၄၃၇. ၉၉၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၆၆. ၇၈၀ | | | ၁၉၃. ၅၁၂ | | | | ၅၆၀. ၂၉၂ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁,၃၈၇. ၅၅၈ | | | ၁,၃၅၂. ၀၃၀ | | | | ၂,၇၃၉. ၅၈၈ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရှင်း** | **၃,၂၁၁. ၄၅၉** | | | **၇၅၄. ၄၄၉** | | | | **၃,၉၆၅. ၉၀၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁,၉၂၄. ၈၇၃ | | | ၂၆၄. ၁၈၉ | | | | ၂,၁၈၉. ၀၆၂ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၉၂. ၄၉၂ | | | ၄၀. ၈၄၂ | | | | ၃၃၃. ၃၃၄ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၂၇၃. ၈၄၄ | | | ၈၂. ၈၀၀ | | | | ၃၅၆. ၆၄၄ |
| | ၄ | သမဝါယမဦးစီးဌာန | | ၆၁၂. ၅၅၆ | | | ၁၉၇. ၄၉၈ | | | | ၈၁၀. ၀၅၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၇. ၆၉၄ | | | ၁၆၉. ၁၂၀ | | | | ၂၇၆. ၈၁၄ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | **၉၇၇. ၉၀၉** | | | **၅၆၇. ၃၇၅** | | | | **၁,၅၄၅. ၂၈၄** |
| | ၁ | သစ်တောဦးစီးဌာန | | ၆၇၆. ၄၁၇ | | | ၂၀၇. ၂၅၅ | | | | ၈၈၃. ၆၇၂ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၃၈. ၆၄၄ | | | ၃၆၀. ၁၂၀ | | | | ၅၉၈. ၇၆၄ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | ၆၂. ၈၄၈ | | | | | | | ၆၂. ၈၄၈ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | **၇၇၁. ၃၅၄** | | | **၂,၇၁၁. ၂၀၀** | | | | **၃,၄၈၂. ၅၅၄** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၇၇၁. ၃၅၄ | | | ၂,၇၁၁. ၂၀၀ | | | | ၃,၄၈၂. ၅၅၄ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | **၆၉၀. ၄၈၂** | | | **၃၂၅. ၉၀၃** | | | | **၁,၀၁၆. ၃၈၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၁၇. ၄၄၈ | | | ၁၁၀. ၀၆၂ | | | | ၅၂၇. ၅၁၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၉၆. ၂၂၀ | | | ၁၉. ၄၁၁ | | | | ၁၁၅. ၆၃၁ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၁. ၉၀၇ | | | ၁၈၆. ၉၈၀ | | | | ၂၅၈. ၈၈၇ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၄. ၉၀၇ | | | ၉. ၄၅၀ | | | | ၁၁၄. ၃၅၇ |
| **၆** | | **ဆောက်လုပ်ရေး** | **ရှင်း** | **၃,၀၀၂. ၀၉၂** | | | **၃၀,၁၅၂. ၇၅၉** | | | | **၃၃,၁၅၄. ၈၅၁** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၃၆. ၉၅၀ | | | ၁,၆၀၇. ၄၆၁ | | | | ၁,၉၄၄. ၄၁၁ |
| | ၂ | လမ်းဦးစီးဌာန | | ၂,၆၆၅. ၁၄၂ | | | ၁၈,၆၄၃. ၇၇၅ | | | | ၂၁,၃၀၈. ၉၁၇ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၉,၉၀၁. ၅၂၃ | | | | ၉,၉၀၁. ၅၂၃ |
| **၇** | | **ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး** | **ရှင်း** | **၁၈. ၉၂၁** | | | | | | | **၁၈. ၉၂၁** |
| **၈** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | **၅,၂၈၅. ၄၆၅** | | | **၁၈,၉၅၅. ၀၉၈** | | | | **၂၄,၂၄၀. ၅၆၃** |
| | | **ပေါင်း** | | **၁၉,၆၂၂. ၉၅၉** | | | **၅၆,၅၃၉. ၃၇၇** | | | | **၇၆,၁၆၂. ၃၃၆** |

## မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၁၂.၀၀၀** | | | | | | | | **၁၂.၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၁၂.၀၀၀ | | | | | | | | ၁၂.၀၀၀ |
| | | **ပေါင်း** | | | | **၁၂.၀၀၀** | | | | | | | | **၁၂.၀၀၀** |

## မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | **၁၀,၀၅၂.၀၉၀** | | | | **၁၀,၀၅၂.၀၉၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၁၀,၀၅၂.၀၉၀ | | | | ၁၀,၀၅၂.၀၉၀ |
| | | **ပေါင်း** | | | | | **၁၀,၀၅၂.၀၉၀** | | | | **၁၀,၀၅၂.၀၉၀** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်စန်းမေသီ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမှတ် ၁၀/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | သိန်းနိုင် | ကြည်း ၇၄၃၆၆ | ၁-၁-၂၀၁၉ |
| (၂) | အောင်ရွှေ | ကြည်း ၇၄၃၆၇ | ၁-၁-၂၀၁၉ |
| (၃) | အောင်ထွန်းမြတ် | ကြည်း ၇၄၃၆၈ | ၂-၁-၂၀၁၉ |
| (၄) | အောင်ဇော်မြင့် | ကြည်း ၇၄၃၆၉ | ၂-၁-၂၀၁၉ |

| | | | | |
|---|---|---|---|---|
| (၅) | စောလွင် | ကြည်း | ၇၄၃၇၀ | ၅-၁-၂၀၁၉ |
| (၆) | ခင်မောင်ကျော် | ကြည်း | ၇၄၃၇၁ | ၇-၁-၂၀၁၉ |
| (၇) | တင်ဝင်း | ကြည်း | ၇၄၃၇၂ | ၁၀-၁-၂၀၁၉ |
| (၈) | ကျော်မြင့် | ကြည်း | ၇၄၃၇၃ | ၁၅-၁-၂၀၁၉ |
| (၉) | ရန်အောင် | ကြည်း | ၇၄၃၇၄ | ၂၀-၁-၂၀၁၉ |
| (၁၀) | တင်ထွန်း | ကြည်း | ၇၄၃၇၅ | ၂၂-၁-၂၀၁၉ |
| (၁၁) | မြသိန်း | ကြည်း | ၇၄၃၇၆ | ၂၈-၁-၂၀၁၉ |
| (၁၂) | အောင်ကျော်လွင် | ကြည်း | ၇၄၃၇၇ | ၃၁-၁-၂၀၁၉ |

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

အမှတ် ၁၂/၂၀၁၉ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်း ထုတ်ပစ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၅၁၅၇၅ | ဗိုလ်ကြီး | သက်နိုင်ဦး | ၂၃-၁-၂၀၁၉ |
| ကြည်း | ၇၂၁၅၆ | ဒုတိယဗိုလ် | တက်ထွန်း | ၂၃-၁-၂၀၁၉ |
| ကြည်း | ၆၆၈၀၅ | ဗိုလ်ကြီး | ထက်ဝေယံ | ၂၅-၁-၂၀၁၉ |

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အမှတ် ၁၆/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | တိုက်မောင် | ကြည်း | ၇၄၃၇၉ | ၁၀-၂-၂၀၁၉ |
| (၂) | ဇော်မင်းစိုး | ကြည်း | ၇၄၃၈၀ | ၁၁-၂-၂၀၁၉ |

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်
( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အမှတ် ၁၇/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | မင်းဇော် | ကြည်း | ၇၄၃၈၁ |
| (၂) | ဝင်းကြိုင် | ကြည်း | ၇၄၃၈၂ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၇/မေဃဝန်မြောက်အကွက်၊ ဦးပိုင်အမှတ်-(၃ᵍ) ရှိ **မြေဧရိယာ ၆. ၅၀၀ ဧက** အနက်မှ **၀. ၅၁၉ ဧက** အား **အနန္တဂုဏ်ရောင်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၂/၂၀၁၉)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-၄/ရွှေကြာပင်၊ မြေကွက်အမှတ် (B-11)၊ **မြေဧရိယာ ၄. ၆၆ ဧက** အား **အောင်ရတနာကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃/၂၀၁၉)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ လောဝမ္မရပ်ကွက်၊ ကွင်းအမှတ်/အမည်-၉၀/သာသနာမြေကွင်း၊ ဦးပိုင်အမှတ် (၄) ရှိ **မြေဧရိယာ ၂၈. ၆၆ ဧက** အား **ရတနာသီရိပရိယတ္တိစာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၄/၂၀၁၉)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ လောဝမ္မရပ်ကွက်၊ ကွင်းအမှတ်/အမည်-၉၀/သာသနာမြေကွင်း၊ ဦးပိုင်အမှတ် (၈) ရှိ **မြေဧရိယာ ၁၀. ၅၁ ဧက** အား **ဘေးမခကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ လောဝမ္မရပ်ကွက်၊ ကွင်းအမှတ်/အမည်-၉၀/သာသနာမြေကွင်း၊ ဦးပိုင်အမှတ် (၇) ရှိ **မြေဧရိယာ ၉. ၉၀ ဧက** အား **ရွှေလက်ဝါးကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၆/၂၀၁၉)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-၄/ရွှေကြာပင်၊ မြေကွက်အမှတ် (B-7)၊ **မြေဧရိယာ ၁၄. ၈၇ ဧက** အား **နန်းဦးပရိယတ္တိစာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၇/၂၀၁၉)

နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျသိဒ္ဓိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်/အမည်-၂/ဥတ္တရသီရိအလယ်ရပ်၊ ဦးပိုင်အမှတ်-ဥ (ဘက-၀၁)၊ **မြေဧရိယာ ၁. ၂၅၃ ဧက** အား

**လောကမာန်အောင်ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁/စည်ကား၊ ဦးပိုင်အမှတ် N-၃၇ ရှိ **မြေဧရိယာ ၉. ၀၇ ဧက** အား **စည်းလုံးညီညာဘေးမဲ့ကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉/၂၀၁၉)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မန်စီမြို့၊ ကောင်ရာရပ်ကွက်၊ အကွက်အမှတ်/အမည်-၂/ကောင်ရာရပ်ကွက်၊ ဦးပိုင်အမှတ်-၁၂၉၊ **မြေဧရိယာ ၁. ၅၂၇ ဧက** အား **RC သာသနာ အသင်းတော်၊ မံစီမြို့** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၃၄၅/နိဗ္ဗာန်ကွင်း)၊ ဦးပိုင်အမှတ် (၃ဆ/၂) ရှိ မြေဧရိယာ ၀. ၁၂ ဧကနှင့် ဦးပိုင်အမှတ် (၃ဇ/၂) ရှိ မြေဧရိယာ ၀. ၂၃ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၃၅ ဧက** အား **လက်ပန်ရွာသစ် (စိတ္တာလင်္ကာရကျောင်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(OSS - ၅/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၂၁၂/၇၅၅) ရှိ **မြေဧရိယာ ၀. ၇၆ ဧက** အား **သဒ္ဓမ္မာ လင်္ကာရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ မော့ကနင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၁၀၆၇/ဒိုဝိတောင်ကွင်း)၊ ဦးပိုင်အမှတ် (N-၉၁) ရှိ **မြေဧရိယာ ၁. ၉၆ ဧက** အား **မုနိပါလတရားစခန်းရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၁၀) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၈၄/ကုန်းသာယာရပ်၊ ဦးပိုင်အမှတ်-၃၃၄+၃၃၅+၃၃၆+၃၃၇+ ၃၃၈+၃၃၉+၃၄၀+၃၄၁ ရှိ **မြေဧရိယာ ၃. ၄၁၅ ဧက** အား **ဂန္ဓဝိပဿနာလင်္ကာရကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်<br>( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Act

**CORAL GREEN COMPANY LIMITED**

**(In Members Voluntary Winding-up)**

**Notice of Special Resolutions Pursuant to Section 206 (1)**

At the Extraordinary General Meeting of the Members of the Company held at No. (99/99) Condo, Level - 6, Dhamazadi Road, Kamaryut Township, Yangon Region, on 19th March, 2019 the following, "Special Resolutions" were passed:

**Special Resolutions:-**

1. That the Company be voluntarily wound-up by the members with effect from 19th March, 2019.

2. That Daw Me Me Kyaw, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region before 19th April, 2019.

Pascal Bernard H Gerken
Managing Director
Coral Green Co., Ltd

Me Me Kyaw
[B.Com (Q), C.P.A]
Liquidator
Certified Public Accountant & Auditor

## မြန်မာတိုင်းတာရေးပညာ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (MYANMAR GEOMETRA INTERNATIONAL SERVICES CO., LTD) အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၃-၄-၂၀၁၉

ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ

ကျင်းပမည့်နေရာ - တိုက် (အက်ဖ်)၊ အခန်းအမှတ် (၁၀၁)၊ သုမင်္ဂလာအိမ်ရာ၊ သုဓမ္မာ (၁) လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉)

## VACS Myanmar Company Limited

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ - ၃၄၈ အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **VACS Myanmar Company Limited** အား (၂၈. ၂. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်ဇာလီအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၅၂)၊ အမှတ် (၁၂၈၀)၊ (ပ) ထပ်၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၂. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Mr. Tomoda Kazuya | ဒေါ်ခင်ဇာလီအောင် |
| ဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| VACS Myanmar Company Limited ၏ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | |

## မန်းပြည့် ကုမ္ပဏီလီမိတက်
## (MANN PYAE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **မန်းပြည့် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc, H.G.P, R.L)၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ထက်ဝေဝေ | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Sc, H.G.P, R.L) |
| မန်းပြည့် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၉၄၄၃၁၁၂၉၇၃ |

## ချယ်ဝမ် ကုမ္ပဏီလီမိတက်
## (CHAE WAN COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ချယ်ဝမ် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc, H.G.P, R.L)၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ဇင်မာထွန်း | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Sc, H.G.P, R.L) |
| ချယ်ဝမ် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၉၄၄၃၁၁၂၉၇၃ |

## သန်း နှင့် ယွန်း ကုမ္ပဏီလီမိတက်
## (THAN & YOUN COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဉပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **သန်း နှင့် ယွန်း ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc, H.G.P, R.L)၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သစ်သစ်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
သန်း နှင့် ယွန်း ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးကျော်ဝင်း
(B.Sc, H.G.P, R.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉၄၄၃၁၁၂၉၇၃

## ဝဲလ်ခန်း ကုမ္ပဏီလီမိတက်
## (WLKANG COMPANY LIMITED)

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ

(က) ၂၀၁၉ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ဝဲလ်ခန်း ကုမ္ပဏီလီမိတက် (WLKANG COMPANY LIMITED)** အား (၂၀-၃-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ) **ဝဲလ်ခန်း ကုမ္ပဏီလီမိတက် (WLKANG COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းအောင်ဟန် (မန်နေးဂျင်းဒါရိုက်တာ)
WLKANG COMPANY LIMITED

## ယဉ်မျိုးသန့် ကုမ္ပဏီလီမိတက်
## (YIN MYO THANT COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ယဉ်မျိုးသန့် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc, H.G.P, R.L)၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ယဉ်မျိုးသန့် | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Sc, H.G.P, R.L) |
| ယဉ်မျိုးသန့် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၉၄၄၃၁၁၂၉၇၃ |

## ဇာခြည်ဦး ကုမ္ပဏီလီမိတက်
## (ZAR CHI OO COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဇာခြည်ဦး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc, H.G.P, R.L)၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးနိုင်အေး | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Sc, H.G.P, R.L) |
| ဇာခြည်ဦး ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၉၄၄၃၁၁၂၉၇၃ |

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၂-၃-၂၀၁၉။